ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

National Community Driven Development Project

လူထုဗဟိုပြုစီမံကိန်း၊ ဖရူဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



## ဝုယ်သူတော်ကျေးရွာ၊ ဒိုးပရယ်အုပ်စု

ဖရူဆိုမြို့နယ်

၂၀၁၈ခုနှစ်

## မာတိကာ


၁။ ဖရူဆိုမြို့ နယ်မြေပုံ ....3

၂။ ဒိုးပရယ်ကျေးရွာအုပ်စုမြေပုံ ....4

၃။ ဒိုးပရယ်အုပ်စုတွင်ပါဝင်သော ကျေးရွာများ ....5

၄။ ကျေးရွာအခြေခံအချက်အလက် ....5

၅။ လူထုပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဥ်PRA/PSA အကျဥ်း ချုပ်ဇယား ....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်အတွက်အသုံးပြုခဲ့သော(PRATOOLSဝများနှင့်တစ်ခုချင်း စီအတွက်သုံး သပ်ချက်များ ....7

ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ ....7

ကျ။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံရည်ရွယ်ချက် ....8

*ခ။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် ....8*

ကျားမဆိုင်ရာ ပင့်ကူအိမ်(COW WED) ....11

ကျ။ ကျားမဆိုင်ရာ ပင့်ကူအိမ်(COW WED)ရည်ရွယ်ချက် ....12

*ခ။ ကျားမဆိုင်ရာပင့်ကူအိမ်သုံးသပ်ချက် ....12*

အရင်းအမြစ် အသုံးပြု မှုပြ ဇယား(ASSET MAP) ....9

ကျ။ အရင်းအမြစ် အသုံးပြု မှုပြ ဇယား ရည်ရွယ်ချက် ....10

*ခ။ အရင်းအမြစ် အသုံးပြု မှုပြ ဇယား သုံးသပ်ချက် ....10*

ဥစ္စာဓန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်ပြဇယား ....14

ကျ။ ဥစ္စာဓန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်ရည်ရွယ်ချက် ....15

*ခ။ ဥစ္စာဓန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်သုံးသပ်ချက် ....15*

ရာသီခွင်ပြ ပြက္ခဒိန် ....16

ကျ။ ရာသီခွင်ပြ ပြက္ခဒိန်ရည်ရွယ်ချက် ....17

*ခ။ ရာသီခွင်ပြဇယားသုံးသပ်ချက် ....17*

အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယား ....18

ကျ။ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယားရည်ရွယ်ချက် ....19

*ခ။ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက် ....19*

၇။ ကော်မတီရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ....20

၈။ ဝုယ်သူတော် ကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း ....20

၉။ ကျေးရွာအချက်အလက်ပုံစံ (၁) ....21


၁၀။ စီမံကိန်းစက်ဝန်းအချိတ်ဇယား (ပုံစံ- ၂) ....24

၁၁။ ကျေးရွာဖွံ့ ဖြိုးရေးအစီအစဥ်(ပုံစံ-၃) ....25


၁၃။ ကျေးရွာအစည်းအဝေးမှတ်တမ်း ....27

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ ဖြိုးရေးလုပ်ငန်းများ ....28


## ၁။ ဖရူဆိုမြို့ နယ်မြေပုံ


ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများ၏လမ်းပန်းဆက်သွယ်မှု(လမ်းအမျိုးအစား)
အခြေအနေပြမြေပုံ
ရည်ညွှန်းချက်
ကတ္တရာလမ်း
ကျောက်လမ်း
မြေသားလမ်း
လှည်းလမ်း
ဆိုင်ကယ်လမ်း
လူသွားလမ်း
မြို့
ကျေးရွာ
ကျေးရွာအုပ်စု
မြို့နယ်နယ်နိမိတ်
N
လွိုင်ကော်သို့
ဒီးမော့ဆိုမြို့နယ်
ရှမ်းပြည်နယ်
ဖရူဆို
ဘောလခဲသို့
ကရင်ပြည်နယ်
ဖားဆောင်းမြို့နယ်

## ၂။ ဒိုးပရယ်ကျေးရွာအုပ်စုမြေပုံ



## ၃။ ဒိုးပရယ်အုပ်စုတွင်ပါဝင်သော ကျေးရွာများ




## ၄။ ကျေးရွာအခြေခံအချက်အလက်

ဝယ်သူတော်ကျေးရွာသည် ဖရူဆိုမြို့နယ်၊ဒိုးပရယ်ကျေးရွာအုပ်စုတွင် တည်ရှိသည်။ အိမ်ခြေ (၂၃) အိမ်ရှိပြီး ကျေးရွာ တွင်နေထိုင်သည့်လူမျိုးများမှာကယားလူမျိုးများဖြစ်ကြပြီး ကက်သလစ်ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသည်။ ရိုး ရာ တံ ခွန်တိုင်ကိုးကွယ်သူအချို့လည်းရှိသေးသည်။ကျေးရွာတွင်အခြေခံပညာအစိုးရမူလတန်းကျောင်း ၊ခရစ်ယာန် ဘုရား ကျောင်း ၊မူကြိုကျောင်းစ သည့်အခြေခံအဆောက်အဦးများရှိသည်။ ဝယ်သူတော်ကျေးရွာသည် တောင်ပေါ်ဒေသ တွင် တည်ရှိသည့် အတွက်ရေအရင်း အမြစ်များရှားပါးသည်။ ထို့ကြောင့်နွေရာသီကာလ တွင်သောက် သုံး ရေအခက်အခဲရှိသည်။ ကျေးရွာ၏အ ရှေ့ဘက်တွင် စိမ့်စမ်းရေထွက်ရှိသော်လည်းဗေြိလ နှင့်မေလတွင်ရေ ခမ်းသည့်အတွက် မိုးရေလှောင်ကိုသာ အသုံး ပြုကြ သည်။လွန်ခဲ့သောသုံးလေး နှစ်ခန့်ကလေပြင်း တိုက်ခြင်း၊ မီး လောင်ခြင်းစသည့် သဘာဝဘေး များနှင့် ကြုံတွေ့ခဲ့ကြရသည်။ ယခင်ကကျေးရွာတည်ရှိရာနေရာတွင် ဝါးရုံပေါ်များ သည့်အတွက် ၎င်းဝါးရုံများကို အစွဲပြု ၍ ဝယ်သူတော်ဟု ကျေး ရွာ အ မည်ကို ခေါ်ဝေါ်ခဲ့ကြသည်။ဝယ်သူတော် ၏ အဓိပ္ပါယ်မှာ ဝါးရုံတောဟု ဖြစ်သည်။အခြေခံပညာ မူလတန်းကျောင်းကို အုတ် ညပ်ဖြင့် တည်ဆောက်ထားပါသည်။


ဝုယ်သူတော်ကျေးရွာ အတွင်းတွင် အစိုးရ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းရှိပြီး ဆရာ/ဆရာမ အင်အား ၅ ယောက်ရှိသော်လည်း တစ်ဦးမှာ ကျေးရွာမှ နစ်ချုပ်ဖြင့် ဌားရမ်းထားခြင်းဖြစ်သည်။ကျောင်းကို ၂၀၁၃ခုနစ်တွင် ကိုယ်ထကိုယ်စနစ်ဖြင့် စတင်တည်ထောင်ထားပြီး ၂၀၁၆ခုနစ်တွင် အစိုးရမှ အုတ်ညပ်ကျောင်းဆောင်ဖြင့် တိုး ချဲ့ တည်ဆောက်ထားခြင်းဖြစ်သည်။ထိုကျောင်းကို ဝုယ်သူတော်မှအပြင် ဘီဆိုကျေးရွာမှ ကလေးများလည်း လာ ရောက်တက်ကြရသည်။

## ၅။ လူထုပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်PRA/PSA အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သောPRA Tools များ |
|---|---|
| ၁ | ကျေးရွာအရင်းအမြစ်ပြ မြေပုံ(Social Map) |
| ၂ | အရင်းအမြစ်အသုံးပြုမှုပြ မြေပုံ(Asset Mapping) |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက်(Wealth Ranking) |
| ၄ | ရာသီခွင် ပြက္ခဒိန်(Sensonal Calender) |
| ၅ | ကျားမဆိုင်ရာပင့်ကူအိမ်သုံးသပ်ချက်(Cow Webs |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား(Veen Diagram) |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော(PRAToolsဝများနှင့်တစ်ခုချင်း စီအတွက်သုံးသပ်ချက်များ

ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ(Social Map)




## က။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြ မြေပ(Social Map)ရည်ရွယ်ချက်

ဝှယ်သူတော်ကျေးရွာ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ ရေးဆွဲ ရခြင်း ရည်ရွယ်ချက် မှာ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ် ရေး အခြေအနေများ ၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများ၊ ကျေးရွာတွင် ရရှိနိုင် သည့် အ ရင်းအမြစ်များ၊ အခြေခံ အဆောက် အအုံများ ၊ ရေ အရင်းအမြစ်များ၊ လူမျိုးကွဲ ဘာသာကွဲ များနှင့် အသက် မွေးဝမ်း ကြောင်း အခြေအနေတို့ ကို သိရှိရန် ရည်ရွယ် ၍ ရေးသားထားခြင်း ဖြစ်သည်။

## ခ။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)သုံးသပ်ချက်

ဝှယ်သူတော် ကျေးရွာ တို့သည် ဖရူဆိုမြို့နယ် ၊ ဒိုးပရယ် အုပ်စုတွင် တည်ရှိသည်။ လူဦးရေ ရှိပြီး တောင်ယာစိုက်ပျိုး ရေး လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင်အိမ်ခြေ၂၃အိမ်ရှိပြီးအများစုမှာ ကက်သလစ် ခရန် ယာန် ဘာ သာ ကိုကိုးကွယ်ကြသည်။လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ကြောင့်သော်လည်းကောင်း၊ ရေရှားပါး သည့်ဒေသဖြစ်ကြောင့်သော်လည်းကောင်းအချို့မှာအခြားကျေးရွာဒေသသို့ပြောင်းရွှေ့အခြေချကြသည်။ကျေးရွာ ၏ တောင် ဘက် တွင် တောင်တန်းနှင့် ဖူးကရားခူကျေးရွာ ၊ အရှေ့ ဘက်တွင် ထီးဒူလဲ နှင့် လျားဒူ ကျေးရွာ ၊ မြောက်ဘက် တွင် ဒိုးပရယ်ကျေးရွာ ၊ အနောက်ဘက်တွင်တောင်တန်းများရှိသည်။တောင်ပေါ်ဒေသဖြစ်၍ရေအရင်းအမြစ်မရှိခြင်း ကြောင်းသောက်သုံးရေ အခက်အခဲ ရှိသည် မိုးရေ ကို အဓိက ထားအသုံးပြု ကြသည်။ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကြောင်းအဖြစ်လုပ်ကိုင်ကြသည်။အဓိက စိုက်ပျိုးသည့် သီးနှံမှာပြောင်းစပါးမြေပဲတို့ ဖြစ်သည်။ ယခင်က နေ လက်ရှိအထိဖွံ့ဖြိုးရေးအဖွဲ့အစည်းများကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်ပူးပေါင်း ဆောင် ရွက်မှု ရှိသော် လည်း ကျေးရွာတွင်လူ့စွမ်းအားအရင်းအမြစ်နည်းပါးခြင်း၊စီးပွားရေးအဆင်မပြေခြင်း နှင့်ပညာရေး အား နည်းခြင်း တို့ကြောင့်ဖွံ့ဖြိုးမှုနောက်နေးနေခဲ့သည်။ကျေးရွာတွင်ကရုဏာလွှိုင်ကော်မှ မူကြိုကျောင်းဆောင်တည် ဆောက် ထားပြီး ကျေးရွာမှမူကြိုဆရာမကို မိမိတို့အစီအစဉ်ဖြင့် ခေါ်ယူလျက်ရှိသည်။မူကြိုကျောင်းမှ အုတ်ညပ်ဖြင့် တည် ဆောက်ထားသည်။အခြေခံမူလတန်းကျောင်းတွင်လည်း ကျောင်းဆရာမမလုံလောက်သည့်အတွက် ကျေးရွာမှ ရွာခံ ဆရာမ တစ်ဦးငှားပြီး လိုအပ်သောအတန်းတွင် ဝင်ရောက်သင်ကြားစေသည်။စာသင်ကျောင်းအမျိုးအစားမှာ အုတ် ညပ်ဖြစ်သည်။ ဘီဆိုကျေးရွာမှကလေးများလည်းဝှယ်သူတော်ကျေးရွာကျောင်းတွင်လာ ရောက်ပညာသင်ကြားကြ သည်။

# အရင်းအမြစ် အသုံးပြု မှုပြ ဇယား(Asset Map)



## က။ အရင်းအမြစ် အသုံးပြု မှုပြ ဇယား ရည်ရွယ်ချက်


ဝုယ်သူတော် ကျေးရွာ အရင်းအမြစ် အသုံးပြုမှု ပြ ဇယား ရေးဆွဲ ရခြင်း ရည်ရွယ်ချက် မှာ ကျေးရွာ နယ်နိမိတ် အ တွင်းတွင် မည်သည့် အရင်းအမြစ်များ ရှိပြီး ၎င်း အရင်းအမြစ်များကို မည်သူက အသုံးချပြီး မည်သူ အသုံးပြု ရန် ဆုံးဖြတ် ချက်သည် ကို သိရှိရန် နှင့် အမျိုးသမီးများ လက်လှမ်းမှီ အသုံးပြု နိုင်မှု တို့ ကို သိရှိ ရန် ရည် ရွယ် ၍ ရေးဆွဲ ခြင်း ဖြစ် သည်။

## ခ။ အရင်းအမြစ် အသုံးပြု မှုပြ ဇယား သုံးသပ်ချက်

ဝုယ်သူတော် ကျေးရွာ နယ်နိမိတ် အတွင်းတွင် ကျောက်တောင် ၊ သစ်တော ၊ သဲကျင်း စသည့် သဘာဝ အရင်း အ မြစ် များရှိသည်။၎င်းအရင်းအမြစ်များကိုကျေးရွာနေလူထုအားလုံးအသုံးပြုကြသည်။သို့ သော်အရင်း အမြစ်များကို အသုံး ပြုနိုင်ရန် အမျိုးသားများကအမျိုးသမီးများထက်ပို၍ဆုံးဖြတ်ခွင့်ရှိကြသည်။အကြောင်းရင်းမှာ အမျိုးသမီးများသည် စိတ် ဝင်စားမှု အားနည်းခြင်း ၊ ဦးဆောင်မှု အခွင့်အရေး မရှိခြင်း တို့ ကြောင်း ဖြစ်သည်။လူဦးရေတိုးပွားလာခြင်းတို့ကြောင့် အရင်းအမြစ်များနည်းပါးလာခြင်းကြောင့် ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်း အတွက်လည်း အခက်အ ခဲရှိ လာ သည်။

အရင်းအမြစ်များ ရှားပါးလာခြင်းကြောင့် ကျေးရွာအဆောက်အအုံများတည်ဆောက်ရာတွင် သစ်အခက်အခဲ များ နှင့်ရင်ဆိုင်နေကြရသည်။နေအိမ်တည်ဆောက်ရာတွင်လည်း အခက်အခဲရှိကြသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး အတွက်လို အပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း နောက်နေးကြန့်ကြာမှုတွင် ရှိလာသည်။ သဲနှင့် ကျောက် ကို နေအိမ်တည်ဆောက်ရာနှင့် ကျေးရွာတွင် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ရာတွင် အသုံး ပြုကြသည်။သို့သော်လည်း သဲ၊ကျောက်စသည့် အရင်းအမြစ်များကို အမျိုးသားများက ထုတ်ယူကြရသည်။

# ကျားမဆိုင်ရာ ပင့်ကူအိမ်(Cow Wed)



## က။ ကျားမဆိုင်ရာ ပင့်ကူအိမ်(Cow Wed)ရည်ရွယ်ချက်

ကျားမဆိုင်ရာ ပင့်ကူအိမ် သုံးသပ်ချက် ရေးဆွဲရခြင်း ရည်ရွယ်ချက်မှာ အမျိုးများ၏ စွမ်းဆောင်ရည် ၊အခွင့်အရေး ဦး ဆောင်မှု တို့ကို သိရှိရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းတွင် အမျိုးသမီးများပါဝင်မှုအခြေအနေတို့ကိုသိရှိရန် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

## ခ။ ကျားမဆိုင်ရာပင့်ကူအိမ်သုံးသပ်ချက်

၁။ *ကျန်းမာရေး စောင့်ရှောက်မှု*

ဝုယ်သူတော် ကျေးရွာ လူထုတို့၏ကျန်းမာရေးအခြေအနေမှာအမျိုးသားများနှင့်အမျိုးသမီးများသည်၁ရာခိုင်နှုန်းရှိကြသည်။ ကျန်းမာရေး ဗဟုသုတ နည်းပါးခြင်း ၊ ကျေးရွာ တွင် ကျန်းမာရေး ဆေးပေးခန်း မရှိခြင်း မြို့နှင့် အလှမ်းဝေးခြင်း တို့ကြောင်း ကျန်းမာရေး စောင့်ရှောက်မှု အားနည်းကြသည်။ ကျေးရွာအတွင်း ဖျားနာခြင်းဖြစ်လျှင် ကျေးရွာကျန်းမာရေးလုပ်သားနှင့် သာကုသလျှက်ရှိသည်။

၂။ *ပညာရေး*

ကျေးရွာတွင် အခြေခံ ပညာမူလတန်းကျောင်း သာရှိသော ကြောင်း စာရေးတတ် ၊ ဖတ်တတ် သူ နည်းပါးခြင်း ၊ မြို့နှင့် အလှမ်းဝေးခြင်း တို့ကြောင်း ပညာတတ်သူမရှိသလောက်နည်းပါးသည်။ ကျေးရွာ လူဦးရေ ၏ (၁) ရာခိုင်နှုန်းသာ စာတတ်ကြပြီး အများစု မှာ တောင်ယာလုပ်ငန်းတွင်မှာ အချိန်ကုန် ကြပြီး ပညာသင်ကြားရေး အတွက် အခွင့်အရေး နည်းကြသည်။

၃။ *လူမှုရေး တွင် ပါဝင်မှု*

ကျေးရွာတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန် တွင် အမျိုးသားများ ၊ အမျိုးသမီးများ တူတူပါဝင် ဆောင်ရွက်ကြသည်။ အသက်မွေးဝမ်းကြောင်း အတွက် တောင်ယာစိုက်ပျိုးရေး လုပ်ငန်းတစ်ခုတည်း ကို သာ ရှိသောကြောင်း လူမှုရေး လုပ်ငန်းကိစ္စတွင် ပါဝင်ဆောင်ရွက်နိုင်မှုနည်းကြသည်။

၄။ *အိမ်တွင်းမှု လုပ်ငန်း*

ဝုယ်သူတော် ကျေးရွာတွင် အိမ်တွင်းမှု လုပ်ငန်းများ ဆောင်ရွက်ရန်တွင် အမျိုးသားများ အလုပ် အမျိုးသမီးများအလုပ် ဟုခွဲခြားခြင်းမရှိ ၊ ထမင်းချက် ၊ ရေခပ် ၊ ထင်းခွဲ၊ ကလေးထိန်း စသည့် အလုပ်များကို အမျိုးသားက ပါဝင်ကူညီ ဆောင်ရွက်ကြသည်။

၅။ *စိုက်ပျိုးရေး*

ဝုယ်သူတော် ကျေးရွာနေ ကျေးရွာလူထုတို့၏ စိုက်ပျိုးရေး လုပ်ငန်းများမှာ စပါး ၊ မြေပဲ ၊ ပြောင်းစသည့် သီးနှံများ ကို အ မိ က စိုက်ပျိုးကြသည်။အသက်မွေးဝမ်းကြောင်းအလုပ်မှာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုသာရှိသော ကြောင်း အမျိုးသား ၊ အမျိုး သမီးလုပ်ကိုင်ကြသည်။


၆။ *နိုင်ငံရေး*

ဝုယ်သူတော်ကျေးရွာတွင်နေထိုင်သည့် ကျေးရွာလူထုတို့ သည်အခြေခံပညာအားနည်းခြင်း၊ဗဟုသုတအားနည်းခြင်း၊စိတ်ဝင်စားမှုအားနည်းခြင်း၊တောင်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်အချိန်ကုန်နေကြရသဖြင့်နိုင်ငံရေးကိစ္စတွင် ပါဝင်မှု ၊ ဆောင်ရွက်မှု အားနည်းကြသည်။

၇။ *ဘာသာရေး တွင်ပါဝင်မှု*

ဝုယ်သူတော် ကျေးရွာတို့တွင်ကက်သလစ်ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသည်။အမျိုးသမီးများသည် ဘာသာရေးတွင် အမျိုးသားများထက်ပို၍ပါဝင်ဆောင်ရွက်ကြသည်။အမျိုးသားများသည်စားဝတ်နေရေးအတွက်အဓိကဦးစားပေးလုပ်ကိုင်ကြသောကြောင်း ဘာသာရေး ၊ သာရေး ၊နာရေး ကိစ္စတွင် ပါဝင်မှု နည်းကြသည်။

# ဥစ္စခနေ ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်ပြဇယား




## က။ ဥစ္စခန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်ရည်ရွယ်ချက်

ဝ့ယ်သူတော် ကျေးရွာ ၏ ဥစ္စခန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက် ရေးဆွဲ ရခြင်း ရည်ရွယ်ချက် မှာ ထိခိုက်လွယ် သော အုပ်စုကို သိရှိရန် နှင့် ဥစ္စခန ပိုင်ဆိုင် မှု အခြေအနေ တို့ကို သိရှိ ရန်၊ စီးပွားရေး အခြေအနေ တို့ကို သိရှိ ရန် ရည်ရွယ် ၍ ရေးဆွဲထား ခြင်း ဖြစ်သည်။ဝ့ယ်သူတော် ၊ ဘီဆို ကျေးရွာ ၏ ဥစ္စခန ကြွယ်ဝမှု အဆင့် သတ်မှတ် ရာတွင် ရာတွင် အုပ်စု ၄ စု ဖြင့် ဖော်ပြရေးဆွဲ ထားသည်။

## ခ။ ဥစ္စခန ကြွယ်ဝ မှုအဆင့် သတ်မှတ်ချက်သုံးသပ်ချက်

ဝ့ယ်သူတော်ကျေးရွာသည် အိမ်ခြေ၂၃အိမ်သာရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ရွှေ ပြောင်း တောင် ယာစနစ်ကို လုပ်ကိုင်ကြသည်။အဓိကစိုက်ပျိုးသီးနှံမှာ စပါးမြေပဲစသည်တို့ဖြစ်သည့်အတွက် ရာသီဥတု မကောင်းနှစ်တွင်မှာ စားဝတ်နေရေးအတွက် အခက်အခဲရှိကြသည်။စိုက်ပျိုးရေးလုပ်ငန်းသည် မိရိုး ဖလာ လုပ်ငန်းဖြစ်သည့်အတွက် လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်မှုနည်း ကြသည်။ အကြောင်းရင်းမှာ လမ်း ပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ဈေးကွက်လက်လှမ်းမမီခြင်းတို့ကြောင့် အ ခွင့်အလမ်း နည်း သည်။ ထို့ကြောင့် ဥစ္စခန ကြွယ်ဝမှုအဆင့်သတ်မှတ်ရာတွင် ပြေလည်သော မိသား စု နှင့်မ ပြေ လည်သော မိသားစု အရေ အတွက် ကွာ ဟ မှုနည်းသည်။သွင်ပြင်လက္ခဏာ သတ်မှတ်ရာတွင်လည်း နေ အိမ်အမျိုးအစား၊စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသည့် သီး နှံအရေအတွက်၊ပိုင်ဆိုင်မှုဖြစ်သော ဆိုင်ကယ်၊ ထော်လာဂျီစသည်တို့ကို အခြေခံပြီး ရေး ဆွဲခဲ့ကြ သည်။ထို့ကြောင့် ထော် လာဂျီ၊တစ်နှစ်လျှင် စပါးအိတ်၂၀ အထက်ရရှိသောမိသားစု၊လက်တွန်းထွန်စက်ရှိသော မိသား စုများကို ကျေးရွာတွင် အပြေလည်ဆုံးအုပ်စုဟု သတ်မှတ်ကြသည်။အပြေလည်ဆုံးအုပ်စုမှာ ၄အိမ်ခန့်သာ ရှိပြီး ပြေ လည်သောအုပ်စုမှာ လက် တွန်းထွန်စက်၊ ဆိုင်ကယ်နှင့် တစ်နှစ်စပါး၁၅အိတ်အထက်ရရှိသော မိသားစု တို့ဖြစ်သည်။အများစုမှာ ရွှေပြောင်းတောင်ယာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည့်အတွက် မပြေ လည် သော အုပ်စုက ပို၍များသည်။

# ရာသီခွင်ပြ ပြက္ခဒိန်



## က။ ရာသီခွင်ပြ ပြက္ခဒိန်ရည်ရွယ်ချက်

ဝုယ်သူတော်ကျေးရွာရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်မှာ ကျေးရွာလမ်းပန်းဆက်သွယ်ရေး အခြေ အနေများ၊ စီးပွား ရေးအခြေအနေများ၊ အသက်မွေးဝမ်းကြောင်း အခြေအနေ တို့ကို သိရှိရန်နှင့်ပညာရေးကျန်းမာရေး အခြေအနေတို့ကို သိရှိရန် ရည်ရွယ်၍ ရေးဆွဲရခြင်းဖြစ်သည်။

## ခ။ ရာသီခွင်ပြဇယားသုံးသပ်ချက်

### ၁။ ပွဲလမ်းသဘင်

ဝုယ်သူတော် ၊ ကျေးရွာ တွင် ကယား လူမျိုးများ နေထိုင်ပြီး ခရစ်ယာန် ဘာသာ ကိုကွယ် ကြသည်။ တစ်နှစ် ပတ်လုံးတွင် ရိုးရာပွဲ ဘာသာရေး ပွဲ များကို ရာသီအလိုက် ကျင်းပလေ့ ရှိကြသည်။ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲ ၊ ဖေဖော်ဝါရီလတွင် ပြာခံပွဲ နှင့် လုဒ်မယ်တော်ပွဲ ၊မတ်လတွင် ရိုးရာတောလိုက်ပွဲ၊ဧပြီလတွင် ရိုးရာတံခွန်တိုင်ပွဲ ဇူလိုင်လ တွင်မိဘကန်တော့ပွဲ၊ဩဂုတ်လတွင် ရိုးရာတောလိုက်ပွဲစက်တင်ဘာလတွင် ရိုးရာဒီး ကူပွဲဆယ်လ ပိုင်း တွင်တံ ခွန်တိုင်ပွဲ ဆယ်နှစ်လပိုင်းတွင် ခရစ်စမတ်ပွဲ စသည်ဖြစ် လအလိုက်ပွဲများကျင်းပကြသည်။

### ၂။ စိုက်ပျိုးရေးနှင့် ကျန်းမာရေး

ဝုယ်သူတော် ၊ ကျေးရွာတွင် တောင်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ အဓိက စိုက်ပျိုးသီးနှံမှာ ပြောင်းစပါး၊မြေပဲ တို့ ဖြစ်သည်။ တစ်နှစ်ပတ်လုံး တောင်ယာလုပ်ငန်းတွင်မှာ အချိန်ကုန်ကြပြီး နွေရာသီကာလ ဖြစ်သော ဧပြီလတွင် သာအားလပ်ကြသည်။ဝုယ်သူတော် ကျေးရွာတို့၏ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေမှာ ကျေးရွာတွင် ပြည်သူ့ကျန်းမာရေးလုပ်သား ရှိ သည်။ သို့သော်လည်း အရေးပေါ်အခြေအနေတွင် မြို့နှင့် အလှမ်းဝေးသောကြောင့် အခက်အခဲရှိသည်။

### ၃။ ရာသီဥတု နှင့်လမ်းပန်းဆက်သွယ် ရေး

ဝုယ်သူတော် ကျေးရွာတွင် ရာသီဥတု သုံးမျိုးဖြင့် ဖော်ပြရေးဆွဲ ထားသည်။အောက်တိုဘာလ မှ ဖေဖော်ဝါရီလ အထိ အေးသောကာလ ဖြစ်ပြီး မတ်လ မှ ဧပြီလအထိ ပူပြင်းခြောက်သွေ့သော ကာလ ဖြစ်သည်။ မေလမှ စက်တင်ဘာလ အထိ မှာ မိုးတွင်းကာလ ဖြစ်သည်။ဝုယ်သူတော်ကျေးရွာတို့၏လမ်းပန်းဆက်သွယ်ရေး အခြေအနေ မှာ အုပ်စု သို့ ဆက်သွယ်ထား သောလမ်းမှာ မြေ သားလမ်း ဖြစ်သည်။ နွေရာသီ ပွင့်လင်းကာလတွင် သွားလာရန် လွယ်ကူသော်လည်း မိုးတွင်းကာလတွင် သွားလာရန် ခက်ခဲသည်။

## ၄ ။ သောက်သုံးရေ

ဝုယ်သူတော် ကျေးရွာတို့၏ သောက်သုံးရေ ရရှိမှု အခြေအနေမှာ တောင်ပေါ်ဒေသဖြစ်၍ ရေအရင်းအမြစ် ရှားပါး ခြင်းကြောင်း မိုးရေကိုသာ အဓိက အသုံးပြုကြသည်။နွေရာသီ ကာလတွင် သောက်သုံးရေ မလုံလောက်မှု ပြဿနာ ရှိသည်။ ကျေးရွာတွင် ရေအရင်းအမြစ်မှာ ကျေးရွာ၏ အရှေ့ဘက် ၁ မိုင်အကွာတွင် ရှိသည် သို့သော လူဦး ရေး များပြားခြင်းကြောင်းလုံလောက်မှုမရှိပါ။ရေထွက်အားနည်းခြင်းကြောင်းမိုးရေလှောင်ကန်တည်ဆောက် ပြီးအ သုံး ပြုကြ သည်။

---

## အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယား



## က။ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယားရည်ရွယ်ချက်

ဝှယ်သူတော် ကျေးရွာတို့၏ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယား ရေးဆွဲ ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာတွင် မည်သည့် အဖွဲ့အစည်းရှိပြီး ကျေးရွာ ပြင်ပမှ ဆက်သွယ်ထားသော အဖွဲ့အစည်းများမှာ မည်သည့် အဖွဲ့အစည်း ရှိသည်ကို သိရှိရန်နှင့် မည်သည့် အဖွဲ့ အစည်းတွင် အမျိုးသမီးများ ပါဝင်ပြီး မည်သည့် အဖွဲ့အစည်းတွင် အမျိုးသမီးများ မပါဝင်သည်ကို သိရှိရန် ရည်ရွယ်၍ ရေးဆွဲခြင်း ဖြစ်သည်။

## ခ။ အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယားသုံးသပ်ချက်

ဝှယ်သူတော်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း ကျန်းမာရေး ပညာရေး အခြေအနေ နိမ့်ကျခြင်း ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သော လူမှုရေးအဖွဲ့ အစည်း အစိုးရ အဖွဲ့အစည်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိသည်။ ကျေးရွာအတွင်းတွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အဖွဲ့ အစည်းများ ကော်မတီများ ဖွဲ့စည်းပြီး ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်လျှက်ရှိသည်။သို့ သော် အဖွဲ့အစည်း ကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီးများ ပါဝင်မှုနည်းကြသည်။အကြောင်းရင်းမှာ ကျေးရွာတွင် အမျိုးသမီးများ ဘာသာစကားအခက်အခဲ ရှိခြင်းတို့ ကြောင်း ပြင်ပနှင့် ဆက်သွယ်ရန် ခက်ခဲခြင်း ပညာမတတ်ခြင်းတို့ ကြောင်း ဖြစ်သည်။ လက်ရှိအချိန်ထိ ကရုဏာလွှိုင်ကော်၊ကယန်းမျိုးဆက်သစ်လူငယ်၊လူထုဗဟိုပြု စီမံကိန်း၊ ACF စသည့်အဖွဲ့အစည်းများသည် ကျေးရွာလူထုနှင့် ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက် လေ့ရှိကြသည်။


## ၇။ ကော်မတီရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



## ၈။ ဂှယ်သူတော် ကျေးရွာ၏ စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/တာဝန် |
|---|---|---|---|---|
| ၁ | ဦးစိုးရယ် | √ | | စီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်ဗျားမြာ | | √ | စီ/ထောက်ဥက္ကဌ |
| ၃ | ဦးမီရယ် | √ | | စောင့်ကြည့်ကြီးကြပ်ရေး |
| ၄ | ဒေါ်ထူရှုမိုး | | √ | စောင့်ကြည့်ကြီးကြပ်ရေး |
| ၅ | ဦးပလျားရယ် | √ | | ဝေဖန်အကြံပြုတိုင်ကြားရေး |
| ၆ | ဒေါ်ပကူးမိုး | | √ | ဝေဖန်အကြံပြုတိုင်ကြားရေး |
| ၇ | ဦးပိုးရယ် | √ | | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး |
| ၈ | ဒေါ်ဟယ်မိုး | | √ | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး |
| ၉ | ဦးလုချေး | √ | | ဝယ်ယူရေး |
| ၁၀ | ဒေါ်ငါးမာ | | √ | ဝယ်ယူရေး |
| ၁၁ | ဦးထိုးရယ် | √ | | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်ပကူမိုး | | √ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးဗျားရယ် | √ | | လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး |
| ၁၄ | ဦးဒယ်ရယ် | √ | | ကျေးရွာစာရင်းကိုင် |
| **ကော်မတီဝင်စုစုပေါင်း** | | ၈ | ၆ | ၁၄ ယောက် |

# ၉။ ကျေးရွာအချက်အလက်ပုံစံ (၁)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းစုံစမ်း၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်၊

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု | ကျေးရွာ |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) | 23 | ဘာသာ (၁) | 23 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | (4) | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 54 | 73 |
| လူမျိုးစု (၁) | | |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | 15 | 8 |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

(ဓ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ✓ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ✓ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ✓ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုလုပ်ငန်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ✓ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ✓ | သားဖွားဆရာမ | ☐ | ✓ | ရေပိုက်လုပ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | မြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

**ရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2014/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

**(ဂ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်——/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:20:00 ဆော်လာရီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/အခြား ——

မိုးရာသီတွင်ကြာချိန် —— 00:30 —— ဆော်လာရီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/အခြား ——

**(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ——

**(င) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ——

(၂) ——

ကျေးရွာခေါင်းဆောင် အမည် ——

လက်မှတ် —— နေ့စွဲ 12.10.2017

လူထုစည်းရုံးရေးမှူး အမည် ——

လက်မှတ် —— နေ့စွဲ 12.10.2017


# ၁၀။ စီမံကိန်းစက်ဝန်းအချိတ်ဇယား (ပုံစံ- ၂)

ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလုထုစည်းရုံးရေးမှူး/လက်တောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝါ [illegible] | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဝှယ်သူတော် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုဝေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 12.10.17 | 12.10.17 | 11 | 8 | 19 | ကယား ၊ 19 | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 13.10.17 | 13.10.17 | 11 | 8 | 19 | ကယား ၊ 19 | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | - | - | - | - | - | - ၊ - | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 12.12.17 | 12.12.17 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 26.12.17 | 26.12.17 | 10 | 8 | 18 | ကယား ၊ 18 | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(ပုံစံ-၃)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ယ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အမှတ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် Byec နေ့စွဲ 17.10.2017

# ၁၃။ ကျေးရွာအစည်းအဝေးမှတ်တမ်း

[illegible]

အချိန် - ၆:၀၀ PM

နေရာ - ဂုယ်သူ့တော်

ရက်စွဲ - ၁၂ . ၁၀ . ၂၀၁၇

အုပ်စု - ဦးပရယ် အုပ်စု

ကျေးရွာ - ဂုယ်သူ့တော်

အကြောင်းအရာ ။ ။ ပါ၊ ၃ အကြိမ်မြောက် ကျေးရွာ အစည်းအဝေး

- အစည်းအဝေးသို့ တက်ရောက်လာသော ကျေးရွာနေပြည်သူများအား ကြိုဆိုခြင်းနှင့် စီမံကိန်းအကြောင်း ပြန်လည်မိတ်ဆက်ခြင်း။
- စီမံကိန်း၏ ထောက်ပံ့သော ငွေကြေးရရှိမှု (နှစ်ပေါင်း) ကို ပြန်လည်ရှင်းလင်းတင်ပြခြင်း။
- ကျား/မ ရေးရာ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးရာတွင် စီမံကိန်းလုပ်ငန်းများတွင် လုပ်အားဝင်ငွေ တူညီမှုရှိ၊ အစည်းအဝေးတွင်ပါဝင်ရ၊ [illegible] အကြောင်းအရာများကို ပြန်လည်ဆွေးနွေးတင်ပြခြင်း။
- ထို့နောက် ဝေဖန်သုံးသပ်မှုနှင့်ပတ်သက်ပြီး စီမံကိန်းအတွင်း [illegible] အကျိုးဝင်ပုံများ၊ အသုံးပြုပုံများကို ပြန်လည်ဆွေးနွေးတင်ပြခြင်း။
- စီမံကိန်းအတွင်း အသုံးပြုသော PRA Tools များအား အကျဉ်းချုပ်ရှင်းလင်း ပြန်လည်ဆွေးနွေးတင်ပြခြင်း။
- လူထုပါဝင်မှု စီမံကိန်းတွင် ပါဝင်သော ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် အကြောင်းအရာများကို ပြန်လည်ဆွေးနွေးခြင်း။

# ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၄) ပြဿနာဒေသအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

ဝှယ်သူတော်

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | [illegible] | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

ကျေးလက်လူထု အခြေပြုဖွံ့ဖြိုးမှုကို တို့ရှေ့ရှု

လူထုဗဟိုပြု စီမံကိန်း

ဖရူဆိုမြို့နယ်၊ကယားပြည်နယ်။